# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

December 4 , 2025 — Volume 97 , Number 4


၄-၁၂-၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၅၂.၁၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၂၁.၀၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၀၁.၇၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၈.၇၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၇.၀၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၃၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၂.၆၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၁၀.၆၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၅.၅၄ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ၈ ခု YRIC အတည်ပြု



ရန်ကုန်တိုင်းဒေသကြီးအတွင်း နိုင်ငံခြားနဲ့ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း စုစုပေါင်း ၈ ခုကို ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ(YRIC)က အတည်ပြုပေးလိုက်ပါတယ်။ ပြီးခဲ့တဲ့ နိုဝင်ဘာ ၂၆ ရက်က ကျင်းပခဲ့တဲ့ ရန်ကုန်တိုင်း ဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေးမှာ အဲဒီလုပ်ငန်းသစ်တွေကို အတည်ပြု ခဲ့တာ ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးရဲ့ စက်မှုကဏ္ဍမှာ ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၇ ခုနဲ့ ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁ ခုတို့ကို အတည်ပြုပေးခဲ့တာ ဖြစ်ပါတယ်။ အတည်ပြုပေးခဲ့တဲ့ လုပ်ငန်းတွေထဲမှာ CMP စနစ်နဲ့ Wearing Apparel အမျိုးမျိုးချုပ်လုပ်တဲ့လုပ်ငန်း၊ အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်တဲ့လုပ်ငန်း၊ အရည် အသွေးမြင့် အိမ်အလှဆင်ပစ္စည်း၊ အထိမ်းအမှတ်ပစ္စည်း၊ လက်ဆောင်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်တဲ့လုပ်ငန်း၊ နားကြပ်နဲ့ဆက်စပ်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်တဲ့လုပ်ငန်းနဲ့ ပလတ်စတစ်အိတ်အမျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူးရောင်းချတဲ့လုပ်ငန်းတို့ ပါဝင်တယ်လို့ သိရပါတယ်။

အဲဒီရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတွေရဲ့ မတည်ငွေရင်း ပမာဏက အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၄၀၈ သန်းဖြစ်ပြီး ပြည်တွင်းမှာ အလုပ်အကိုင်အခွင့်အလမ်း ၆၇၈၆ ဦးအတွက် ဖန်တီးပေးနိုင်မှာဖြစ်ပါတယ်။ ၁၉၈၈- ၁၉၈၉ ဘဏ္ဍာနှစ်ကနေ အခု ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် စက်တင်ဘာလအထိ ရန်ကုန်မှာ တရုတ်နိုင်ငံက ဝင်ရောက် ရင်းနှီးမြှုပ်နှံတဲ့ လုပ်ငန်းပေါင်း ၄၅၁ ခုရှိပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ ၂ ဘီလီယံခွဲ

ကျော်ရှိတယ်လို့ ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီက သိရပါတယ်။

**Source:** https://onenewstvchannel.com/business/market/

## မြန်မာ့ကမ်းလွန်၌ သဘာဝဓာတ်ငွေ့တွင်းသုံးတွင်း တူးဖော်ရန်ရှိ




မြန်မာ့ကမ်းလွန်ပင်လယ်ပြင်မှာ သဘာဝဓာတ်ငွေ့ထုတ်ယူနိုင်မဲ့ ရေနက်တွင်းသုံးတွင်း စမ်းသပ်တူးဖော်တာကို လာမဲ့ ၂၀၂၆ ခုနှစ်မှာ စတင်ဖို့ရှိတယ်လို့ စင်ကာပူအခြေစိုက် Canadian Foresight Group(CFG)ကုမ္ပဏီဥက္ကဋ္ဌဖြစ်သူ မစ္စတာ ဆောင်နင်းရှန်ရဲ့ ပြောဆိုချက်ကို ကိုးကားပြီး upstreamonline ဝက်ဆိုက်မှာ ဖော်ပြချက်အရ သိရပါတယ်။

သဘာဝဓာတ်ငွေ့ တူးဖော်တာတွေကိုတော့ လာမဲ့ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလမှာစတင်မှာဖြစ်ပြီး ၂၀၂၇ ခုနှစ်၊ နှစ်ကုန်လောက်မှာ သဘာဝဓာတ်ငွေ့တွေ ထွက်ရှိနိုင်ဖို့ မျှော်မှန်းထားတယ်လို့ဆိုပါတယ်။ အဲဒီကမ်းလွန် လုပ်ကွက်တွေထဲမှာ သဘာဝဓာတ်ငွေ့ ထရီလီယံကုဗပေလောက်ထိ ထုတ်ယူနိုင်တဲ့ သဘာဝဓာတ်ငွေ့သိုက်ကြီးကိုလည်း ရှာတွေ့ထားပြီး ကမ်းလွန်လုပ်ကွက် M-15 မှာ တည်ရှိတယ်လို့ ဖော်ပြချက်အရ သိရပါတယ်။

ရေနက်ကမ်းလွန်လုပ်ကွက်နဲ့ ပတ်သက်လို့ CFG ကုမ္ပဏီနဲ့ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတို့ဟာ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် ချုပ်ဆိုထားတယ်လို့ဆိုပါတယ်။ ခွဲဝေခံစားရေးနဲ့ပတ်သက်လို့ ဘယ်လိုအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုတွေရှိလဲဆိုတဲ့အပေါ် စွမ်းအင်ဝန်ကြီးဌာနကို One News သတင်းဌာနက မေးမြန်းထားပါတယ်။ M-15 လုပ်ကွက်စီမံကိန်းဟာ မြန်မာနိုင်ငံရဲ့ ပထမဆုံး ကမ်းလွန်ရေနက်စီမံကိန်းဖြစ်လာဖို့ရှိပြီး အောင်မြင်လာရင် လူမှုရေး၊ စီးပွားရေးကဏ္ဍတွေ တိုးတက်ဖွံ့ဖြိုးလာမှာဖြစ်တယ်လို့ CFG ကုမ္ပဏီက ပြောကြားထားပါတယ်။

**Source:** https://onenewstvchannel.com/business

## သာစည်မြို့ ကျောက်ဖရုံသီးဈေးကွက်



သာစည်မြို့နယ်တွင် စပါး၊ ပဲစင်းငုံ၊ ဆီထွက်သီးနှံများအပြင် ကုန်စိမ်းသီးနှံဖြစ်သော ကျောက်ဖရုံသီး သီးနှံကိုလည်း စိုက်ပျိုးကြပါသည်။

သာစည်မြို့နယ်အနေဖြင့် အိုမီကာ(ထိုင်ဝမ်)မျိုးနှင့် ဗမာမျိုး (၂)မျိုးကိုသာ စိုက်ပျိုးကြပါသည်။ (၁)ကေလျှင် မျိုးစေ့(၅)ထုပ်စိုက်ပျိုးပြီး၊ မျိုးစေ့(၁)ထုပ် ဈေးနှုန်း အိုမီကာ ထိုင်ဝမ်မျိုး (၁၈၀၀၀)ကျပ်၊ဗမာမျိုး(၁)ထုပ်လျှင် (၁၁ ၀၀၀ – ၁၂ ၀၀၀)ကျပ် ရှိကြောင်းသိရပါသည်။ ကျောက်ဖရုံသီးကို သာစည်မြို့နယ်တွင် လှိုင်းတက်၊ မြိုင်သာ၊ ကံကြီးအောက်၊ မင်းကုန်း၊ ကွမ်းခြံရိုး၊ ဆည်ကြီး၊ ကြက်မောက်ကျေးရွာများတွင် အများဆုံးစိုက်ပျိုးကြပါသည်။ (၁)ကေကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် (၆၀၀၀၀၀)ကျပ်ဝန်းကျင်ခန့် ကုန်ကျကြောင်းသိရပါသည်။ ကျောက်ဖရုံသီးကို စိုက်ခင်းထဲအထိ

ပွဲစားများမှ လာရောက်ဝယ်ယူကြပြီး ပွဲစားများက ကျောက်ဖရုံယိုလုပ်ငန်းများသို့လည်းကောင်း၊ မိတ္ထီလာ၊ မန္တလေးမြို့များသို့ ပြန်လည်ရောင်း ချကြကြောင်း သိရှိရပါသည်။ ကျောက်ဖရုံသီးကို ပိဿာချိန်ဖြင့်ဝယ်ယူကြပြီး လက်ရှိပေါက်ဈေး (၁)ပိဿာလျှင် (၄၀၀-၅၀၀)ကျပ်ခန့်ရှိပြီး ကျောက်ဖရုံသီး(၁)လုံးလျှင် အလေးချိန် (၅-၁၀)ပိဿာ ဝန်းကျင်ရှိကြောင်း ၊ သီးနှံနှံမှာ (၁)ဧက အလုံး (၃၀၀)မှ (၄၀၀)ခန့်အထိ သီးသည့်အတွက် တစ်ဧကအကျိုးအမြတ် (၅၀၀,၀၀၀)ကျပ် အထိရရှိကြောင်းသိရှိရပါသည်။

**Source: DOCA(မန္တလေး)**

## ကန့်ဘလူမြို့သစ်သီးဈေးကွက်ရှိ လိမ္မော်သီးနှင့် ချယ်ရီပန်းသီး



စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင် ကန့်ဘလူမြို့မဈေးရှိ သစ်သီးဈေးကွက်တွင် စပျစ်သီး၊ နာနတ်သီး၊ ပန်းသီး၊ သခွားမွှေးသီး၊ ဖရဲသီး၊ ငှက်ပျောသီးနှင့် လိမ္မော်သီးများ ရောင်းချလျက်ရှိရာ ချယ်ရီပန်းသီးနှင့်လိမ္မော်သီးများကို မြစ်ကြီးနားမြို့နှင့် မန္တလေးမြို့သစ်သီးပွဲရုံများမှ ဝယ်ယူရောင်းချလျက်ရှိကြောင်း သိရသည်။

ကန့်ဘလူမြို့သစ်သီးဈေးကွက်တွင် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ တတိယပတ်အတွင်း လိမ္မော်သီး (၂၅)ကျပ်သားလျှင် (၄၅၀၀)ကျပ်၊ (၅၀)ကျပ်သားလျှင် (၉၀၀၀)ကျပ်၊ (၁)ပိဿာလျှင်(၁၈,၀၀၀) ကျပ်၊ ပျားလိမ္မော်သီး(၁)ပိဿာလျှင် (၁၀,၀၀၀)ကျပ် ဈေးနှုန်းတို့ဖြင့်လည်းကောင်း၊ ချယ်ရီပန်းသီး (၂၅)ကျပ်သားလျှင် (၅၀၀၀)ကျပ်၊ (၁)ပိဿာလျှင် (၂၀,၀၀၀)ကျပ်ဈေးနှုန်းတို့ဖြင့် ရောင်းချလျက်ရှိရာ ယခင်အပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ယခုလတတိယပတ်အတွင်း လိမ္မော်သီး(၁)ပိဿာလျှင် (၂၀၀၀)ကျပ် ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း သစ်သီးဆိုင်များမှ သိရသည်။

**Source: DOCA(စစ်ကိုင်း)**

## ကန့်ဘလူမြို့သစ်သီးဈေးကွက်၌ အရောင်းအဝယ်ဖြစ်နေသည့် စပျစ်သီး

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင် ကန့်ဘလူမြို့ သစ်သီးဈေးကွက်တွင် စပျစ်သီး၊ တယ်သီး၊ ပန်းသီး၊ လိမ္မော်သီးနှင့်ပန်းသီးများကို မြစ်ကြီးနားနှင့် မန္တလေးမြို့တို့ရှိ သစ်သီးပွဲရုံများမှ ဝယ်ယူရောင်းချလျက်ရှိကြောင်း သိရသည်။



ကန့်ဘလူမြို့သစ်သီးဈေးကွက်၌ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ တတိယပတ်အတွင်း စပျစ်သီး အစေ့ပါ(၁)ပိဿာလျှင်(၃၁,၀၀၀)ကျပ်နှင့် (၅၀)ကျပ်သားလျှင် (၁၅,၅၀၀)ကျပ်၊ စပျစ်သီးအစေ့လွတ် (၁)ပိဿာလျှင် (၄၀,၀၀၀)ကျပ်၊ (၂၅)ကျပ်သားလျှင်(၁၀,၀၀၀)ကျပ်ဈေးနှုန်းတို့ဖြင့် ရောင်းချလျက်ရှိရာ ယခုနိုဝင်ဘာလ ဒုတိယပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက တတိယပတ်အတွင်း စပျစ်သီးအစေ့ပါ (၁)ပိဿာလျှင်(၁၀၀၀)ကျပ် ဈေးနှုန်းကျဆင်းသွားကြောင်း သစ်သီးရောင်းချသူများထံမှ သိရသည်။

**Source: DOCA(စစ်ကိုင်း)**

## ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့တွင် ရောင်းချနေသော မာလကာသီးဈေးနှုန်း



ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ် အတွင်းရှိ ကျေးရွာများနှင့် မြို့နယ်ရပ်ကွက်များတွင် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်စားသောက်ကြပြီး နှစ်ရှည်သီးနှံဖြစ်သည့် မာလကာသီးပင်များကို မိမိတို့၏ ဥယျာဉ်ခြံမြေနှင့် နေအိမ်ခြံစည်းရိုးတွင် တစ်နိုင်တစ်ပိုင် စိုက်ပျိုးလျက်ရှိပါသည်။ စိုက်ပျိုးရရှိသော သီးနှံများထဲမှ မာလကာသီးများကို ပြည်မြို့နယ်အတွင်းရှိ မြို့မဈေးကြီးနှင့် အခြားဈေးများတွင် လာရောက်ရောင်းချကြကြောင်း သိရှိရပါသည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ၊ တတိယပတ်တွင် မာလကာသီးဈေးနှုန်းများမှာ အရွယ်အစားအလိုက် ဈေးအမျိုးမျိုးရှိပြီး ရာသီချိန်ထက် ဈေးပိုမိုကောင်းမွန်ကြောင်းသိရသည်။ မာလကာသီးအလုံးကြီး၊ အလုံးလတစ်လုံးလျှင် (၈၀၀)ကျပ်၊ အလုံးသေး တစ်လုံးလျှင် (၆၀၀)ကျပ်ဖြစ်ပြီး အကြီး/အသေးပေါ်မူတည်ပြီး ရောင်းချလျက်ရှိကြောင်း သိရှိရပါသည်။

**Source: https://www.doca.gov.mm/**

## ပိုမိုခေတ်မီသော နယ်စပ်ဖြတ်ကျော် ပို့ဆောင်ရေးနည်းလမ်းများသုံးလာသော စာတိုက်ဝန်ဆောင်မှုလုပ်ငန်းများကြောင့် လာအို-ထိုင်း နှစ်နိုင်ငံ ကုန်သွယ်မှုမြင့်တက်

ထိုင်းနှင့်လာအို နှစ်နိုင်ငံကုန်သွယ်မှုသည် အရှိန်အဟုန်အသစ်ဖြင့် ၈ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၇၃၈ ဒသမ ၅ သန်းရရှိခဲ့ကြောင်း၊ လာအို၏ လျင်မြန်စွာတိုးတက်လာသော အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေးနှင့် တရုတ်-လာအို မြန်နှုန်းမြင့်ရထားလမ်းဖြင့် ကုန်စည်သယ်ယူမှုတို့ကြောင့်ဖြစ်ကြောင်း၊ နှစ်နိုင်ငံကြား ထောက်ပံ့သယ်ယူပို့ဆောင်ရေးမြင်ကွင်းသည် ပြောင်းလဲနေပြီး စာတိုက်ဝန်ဆောင်မှုလုပ်ငန်းများ လိုက်ပါပြောင်းလဲရန်လိုကြောင်း၊ ယခုအခွင့်အရေးကို အသေးစားစီးပွားရေးလုပ်ငန်းများရရှိရန် စာတိုက်ဝန်ဆောင်မှုလုပ်ငန်းများက ကူညီပေးရမည်ဖြစ်ပြီး လာအိုစားသုံးသူများသည် အွန်လိုင်းမှတစ်ဆင့်ဈေးဝယ်ခြင်းနှင့် ပစ္စည်းရောက်ငွေချေစနစ်ကို ပိုမိုအသုံးပြုကြကြောင်း ထိုင်းစာတိုက်လုပ်ငန်းဥက္ကဋ္ဌ (Thailand Post President ) Danun Supatpan က ပြောကြားခဲ့သည်။

ထိုင်း၊ စီးပွား/ကူးသန်းဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ စာရင်းများအရ ပြီးခဲ့သည့်နှစ်အတွင်း လာအို၌ အွန်လိုင်းငွေပေးချေမှုများ သိသိသာသာ တိုးလာသဖြင့် စာတိုက်များက ငွေလွှဲကွန်ရက်များ အားကောင်းစေရန် နှင့် ငွေပေးချေမှုများကို ရိုးရှင်းစေရန် တွန်းအားပေးခဲ့ရကြောင်း၊ အဆိုပါ တိုးတက်မှုများသည် ထိုင်းနှင့်လာအိုကြားသာမက CLMV နိုင်ငံများအတွင်းပိုမိုနက်ရှိုင်းသော စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအတွက် မရှိမဖြစ်အခြေခံအုတ်မြစ်ဖြစ်ကြောင်း Danun မှ ပြောကြားခဲ့သည်။

နှစ်နိုင်ငံ စာတိုက်လုပ်ငန်းများက ဒေသတွင်း၌ ဒစ်ဂျစ်တယ်နှင့် မိုဘိုင်းကုန်သွယ်မှုပတ်ဝန်းကျင် ပိုမိုအားကောင်းစေရန် လေကြောင်းနှင့် ကုန်းကြောင်း ပို့ဆောင်မှုနှစ်ခုစလုံးတွင် လုံခြုံရေးစစ်ဆေးမှု တင်းကျပ်ခြင်း၊ နယ်စပ်တစ်လျှောက် အမြန်စာပို့လုပ်ငန်း(EMS) တိုးချဲ့ခြင်းနှင့် အကောက်ခွန် နှောင့်နှေးမှုများကို လျှော့ချရန် အီလက်ထရောနစ်ဒေတာစနစ်များ အသုံးပြုခြင်းတို့ကို ဦးစားပေးဆောင်ရွက်ရန် စီမံခဲ့ကြပါသည်။

အီလက်ထရောနစ်ကူးသန်းရောင်းဝယ်ရေး ဝန်ဆောင်မှုများ ပိုမိုအားကောင်းစေရန် တစ်ဦးချင်းရောင်းချသူများနှင့် SMEs များအနေဖြင့် ထိုင်း၊ လာအိုမှတစ်ဆင့် တရုတ်သို့ ကုန်ပစ္စည်းများအား နယ်စပ်ဖြတ်ကျော် ပါဆယ်ပေးပို့ရာတွင်

အထူးသဖြင့် အသေးစား-ထုပ်ပိုးမှုနှင့် ပစ္စည်းရောက်ငွေချေ (COD) ဝန်ဆောင်မှုများ ပိုမိုလွယ်ကူစေရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ငွေကြေးဝန်ဆောင်မှုပိုင်းတွင် ထိုင်းစာတိုက်လုပ်ငန်းသည် ၎င်း၏ အီလက်ထရောနစ်ငွေချေစနစ် (e-payment systems) ကို အဆင့်မြှင့်တင်ပြီး Western Union ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ နှစ်ဖက်စာတိုက်လုပ်ငန်းများသည် နှစ်နိုင်ငံဆက်ဆံရေး ကြာရှည်စေရန် တံဆိပ်ခေါင်းနှင့် အခြားယဉ်ကျေးမှုကိစ္စများတွင်လည်း ပူးပေါင်းဆောင်ရွက်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ၊ လေ့လာရေးအစီအစဉ်များ ပူးတွဲဆောင်ရွက်ပြီး ဝန်ထမ်းလေ့ကျင့်ရေးနှင့် အသိပညာမျှဝေခြင်း၊ ဝန်ဆောင်မှုစံနှုန်းများမြှင့်တင်ခြင်း၊ ထိုင်းစာတိုက်လုပ်ငန်းသည် နိုင်ငံတကာပါဆယ်ထုပ်များအား အချိန်နှင့်တပြေးညီ ခြေရာခံခြင်းအပါအဝင် လုပ်ငန်းငယ်များ ပို့ဆောင်ခ ပိုမိုတတ်နိုင်စေရန် သဘော်ာခများ ပြန်လည်ပြင်ဆင်ခြင်း၊ ထိုင်း – လာအို –တရုတ်စက်ကြီးတစ်လျှောက်နှင့် ဥရောပဘက်သို့ ကုန်စည်များ ဆက်လက်ပို့ဆောင်နိုင်ရန် အဓိကနယ်စပ်နေရာများဖြစ်သော နွမ်ကိုင် (Nong Khai) နှင့် ကျန်ကောင်(Chiang Khong) စသည့်နေရာများတွင် ရုံးများဖွင့်လှစ်ခြင်းတို့ ဆောင်ရွက်နေပါသည်။

အဓိကရည်ရွယ်ချက်မှာ ရထားလမ်း၊ ကားလမ်းနှင့် လေကြောင်းတစ်လျှောက် နယ်စပ်ဖြတ်ကျော် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများ ချောမွေ့စွာဆောင်ရွက်နိုင်ရန်နှင့် ဒေသတွင်း ဒစ်ဂျစ်တယ်စီးပွားရေးကို အထောက်အပံ့ဖြစ်စေပြီး SME များအနေဖြင့် ဒေသတွင်းဈေးကွက်များသို့ လွယ်ကူစွာဝင်ရောက်နိုင်ရေးဖြစ်ကြောင်း Danun မှ ပြောကြားခဲ့သည်။

**ရင်းမြစ်။** **https://laotiantimes.com/**

**Source:** https://commerce.gov.mm

## ဂျာမနီ၏ ထိပ်တန်းကုန်သွယ်ရေးမိတ်ဖက်အဖြစ် တရုတ်နိုင်ငံက အမေရိကန်ထံမှ ပြန်လည်ရယူ

၂၀၂၅ ခုနှစ် ပထမသုံးလပတ်တွင် ဂျာမနီသို့ ပို့ကုန်တင်သွင်းနိုင်မှုမြင့်တက်လာခြင်းကြောင့် တရုတ်နိုင်ငံသည် အမေရိကန်ကို ထပ်မံကျော်တက်ကာ ဂျာမနီ၏ ထိပ်တန်းကုန်သွယ်ရေးမိတ်ဖက်ဖြစ်လာခဲ့ပါသည်။

Donald Trump ၏ကုန်သွယ်ရေးမူဝါဒများကြောင့် ဂျာမနီ၏ပို့ကုန်များ ကျဆင်းလာပြီး ကားရောင်းအားများပါကျဆင်းနေချိန်တွင် ယခုကဲ့သို့ထွက်ပေါ်လာခြင်းဖြစ်ပါသည်။

Federal Statistics Office (Destatis) မှ ၁၉-၁၁-၂၀၂၅ ရက်တွင် ထုတ်ပြန်ခဲ့သော အမှန်ပြင်ဆင်ပြီးစာရင်းတွင် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း တရုတ်နိုင်ငံနှင့် စုစုပေါင်းကုန်သွယ်မှုပမာဏ ယူရို(၁၈၅ ဒသမ ၉)ဘီလီယံရှိကြောင်း၊ ယမန်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက (၀ ဒသမ ၆)ရာခိုင်နှုန်းတိုးလာကြောင်းနှင့် အမေရိကန်နှင့်ကုန်သွယ်မှုသည် ၂၀၂၄ ခုနှစ် ပထမကိုးလနှင့်နှိုင်းယှဉ်ပါက (၃ ဒသမ ၉) ရာခိုင်နှုန်းခန့်ကျဆင်းခဲ့ပြီး ယူရို(၁၈၄ ဒသမ ၇)ဘီလီယံသာရှိကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် ၂၀၁၆ ခုနှစ်တွင် အမေရိကန်ကိုကျော်တက်ခဲ့ပြီး ဂျာမနီ၏ အကြီးဆုံးကုန်သွယ်ရေးမိတ်ဖက်အဖြစ်အဆက်မပြတ်ရပ်တည်လာရာမှ ယမန်နှစ်က ယင်းထိပ်ဆုံးနေရာကို ဆုံးရှုံးခဲ့ရကြောင်း၊ နှစ်နိုင်ငံစလုံးမှ ဂျာမနီသို့ တင်ပို့မှုများမှာမြင့်တက်လာနေဆဲဖြစ်ပြီး၊ အမေရိကန်မှ (၂ ဒသမ ၈) ရာခိုင်နှုန်းနှင့် တရုတ်နိုင်ငံမှ (၈ ဒသမ ၅) ရာခိုင်နှုန်းခန့် တိုးမြှင့်တင်သွင်းလာပါကြောင်း၊တစ်ချိန်တည်းတွင် ဂျာမနီမှ ပို့ကုန်တင်ပို့မှုအနေဖြင့် တရုတ်နိုင်ငံသို့ (၁၂ ဒသမ ၃) ရာခိုင်နှုန်းကျဆင်းခဲ့ပြီး အမေရိကန်သို့ (၇ ဒသမ ၈) ရာခိုင်နှုန်းခန့်ကျဆင်းခဲ့ကြောင်းနှင့် ယင်းသို့ပို့ကုန်တင်ပို့မှုကျဆင်းခဲ့ သော်လည်း ဂျာမနီအနေဖြင့် အမေရိကန်နှင့်ကုန်သွယ်မှုပိုငွေပြနေဆဲဖြစ်ပြီး တရုတ်နှင့်သာ ကုန်သွယ်မှုလိုငွေပြနေကြောင်း ဖော်ပြထားပါသည်။

နှစ်နိုင်ငံစလုံးနှင့် အခွန်အကောက်အငြင်းပွားမှုများအကြား ဂျာမနီမှ ကားများနှင့် ကားအပိုပစ္စည်းများတင်ပို့ရမှု ပိုမိုကျဆင်းလာခဲ့ပြီး၊ ကမ္ဘာတစ်ဝှမ်းရှိ ကားထုတ်လုပ်သူများအနေဖြင့် အသုံးစရိတ်များကြီးမြင့်၍ ဆုံးရှုံးမှုများနှင့်ရင်ဆိုင်နေရချိန်တွင် တရုတ်နိုင်ငံ၏ အလျင်အမြန်ကြီးထွားလာသော ကားထုတ်လုပ်မှုလုပ်ငန်းများသည် ၎င်းတို့၏ပြည်တွင်းဝယ်လိုအားကို

ဆက်လက်ကိုင်တွယ်ဖြေရှင်းလာနိုင်ကာ ပြည်တွင်းကားသုံးစွဲသူများအကြား နေရာယူလာခဲ့ကြောင်း သိရှိရပါသည်။

Trump သမ္မတဖြစ်လာပြီး ပထမနှစ်ဝက်တွင် (၃)ရာခိုင်နှုန်းအောက်ရှိခဲ့သော အခွန်စည်းကြပ်မှုများမှာ (၂၇ ဒသမ ၅) ရာခိုင်နှုန်းခန့်အထိ အကြမ်းဖျင်းမြင့်တက်လာပြီးသည့်နောက် အီးယူမှတင်သွင်းကုန်များအတွက် မြင့်မားသော အခွန်ကောက်ခံမှုဖြစ်သည့် (၁၅)ရာခိုင်နှုန်းစတင်လိုက်သည့်အချိန်တွင် ဂျာမနီမှအမေရိကန်သို့ တင်ပို့ရောင်းချရမှုမှာ ယူရို (၃ ဒသမ ၆) ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် (၁၃ ဒသမ ၉) ရာခိုင်နှုန်းခန့်အထိ သိသာစွာကျဆင်းသွားခဲ့ကြောင်း၊ တစ်ချိန်တည်း တွင် ဥရောပ၌ တရုတ်နိုင်ငံမှလျှပ်စစ်ကားများရောင်းချမှုအပေါ် အခွန်ကောက်ခံမှုမြင့်မားခြင်းနှင့်စပ်လျဉ်း၍ အီးယူနှင့်တရုတ်တို့အကြား အငြင်းပွားမှုများ ဖြစ်ပေါ်နေစဉ်တွင် တရုတ်နိုင်ငံသို့ ဂျာမနီမှ တင်ပို့ရောင်းချရမှုမှာလည်း ယူရို (၆ ဒသမ ၁) ဘီလီယံ၊ (၃၅ ဒသမ ၉) ရာခိုင်နှုန်းခန့် ကျဆင်းသွားခဲ့ကြောင်း သိရှိရပါသည်။

**Source:** https://www.dw.com/en/china-reclaims-spot-as-top-german-tradepartner-from-us/a-74810237

**(သန္တာစော၊ စီးပွားရေးသံမှူး၊ ဘာလင်မြို့)**

## STOCK EXCHANGE (4.12.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 4th Dec. 2025

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 14,172 (Shares) | 72,326,250 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +100 | +1.18% | 8,500 | 8,600 | 8,500 | 282 | 2,404,000 | 33,109,694 | 284,743 |
| MTSH | 00002 | 3,750 | +150 | +4.17% | 3,600 | 3,800 | 3,600 | 5,601 | 21,177,200 | 38,929,150 | 145,984 |
| MCB | 00003 | 8,300 | +300 | +3.75% | 8,000 | 8,300 | 8,000 | 4,911 | 40,208,800 | 10,400,986 | 86,328 |
| FPB | 00004 | 2,300 | +0 | +0.00% | 2,300 | 2,300 | 2,300 | 1,331 | 3,061,300 | 29,664,613 | 68,229 |
| TMH | 00005 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 321 | 963,000 | 12,823,224 | 38,470 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,650 | 633 | 1,046,150 | 19,977,223 | 33,961 |
| AMATA | 00007 | 3,650 | +0 | +0.00% | 3,650 | 3,650 | 3,650 | 141 | 514,650 | 10,497,598 | 38,316 |
| MAEX | 00008 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,050 | 952 | 2,951,150 | 23,804,946 | 73,795 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 4th Dec. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 408.14 | +6.51 | +1.62% | 401.63 | 408.14 | 401.63 | 14,172 | 72,326,250 | 8 | 769,826 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 p.m. 4th Dec. 2025

| Trading Volume | Trading Value |
|---|---|
| 16,772 (Shares) | 79,221,250 (MMK) |

### Main Board

As of 1:00 p.m. 4th Dec. 2025

Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 14,172 (Shares) | 72,326,250 (MMK) |

| MYANPIX | 408.14 ▲ 6.51 |
|---|---|
| Total Volume (shares) | 14,172 |
| Total Value (MMK) | 72 mil |
| Listed Company | 8 |
| Market Cap. (MMK) | 769,826 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 100 |
| MTSH | 00002 | 3,750 | ▲ 150 |
| MCB | 00003 | 8,300 | ▲ 300 |
| FPB | 00004 | 2,300 | ▲ 0 |
| TMH | 00005 | 3,000 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 3,650 | ▲ 0 |
| MAEX | 00008 | 3,100 | ▲ 0 |

TIR